**ရဲ (စစ်ရဲအမှုထမ်း) ဌာနခွဲ**

**(၁၉၅၈ ခုနှစ်၊ ပြည်ထောင်စု စစ်ရဲတပ်ဖွဲ့ဝင်ရာထမ်းမှုထမ်းများအား၊ အမြဲတမ်းခန့်ထားရေးနည်းဥပဒေများ)**

**အမှတ် ၁၂၆၉**

**ရန်ကုန်မြို့၊ ၁၃၂၀ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်။**

**(၁၉၅၈ ခု၊ ဒီဇဘာလ ၁၀ ရက်။)**

အမှတ် ၁၂၆၉။ ။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုစစ်ရဲအက်ဥပဒေ (The Union Military Police Act, 1948) ပုဒ်မ ၁၇(၂) ဖြင့် အပ်နှင်းထားသည့် အာဏာများကိုသုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

**နည်းဥပဒေများ**

**အခဏ်း ၁**

အမည်။

၁။ ။ ဤနည်းဥပဒေများကို၊ **၁၉၅၈ ခုနှစ်၊ ပြည်ထောင်စု စစ်ရဲတပ်ဖွဲ့ဝင်ရာထမ်းမှုထမ်းများအား၊ အမြဲတမ်းခန့်ထားရေးနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ ဤနည်းဥပဒေများတွင်-

(က) **"အက်ဥပဒေ"** ဆိုသည်မှာ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုစစ်ရဲအက်ဥပဒေ (The Union Military Police Act, 1948) ကို ဆိုလိုသည်။

(ခ) **"စစ်ရဲတပ်ဖွဲ့ဝင်"**ဆိုသည်မှာ၊ အက်ဥပဒေအရ စာရင်းသွင်းထားသည့်ပြင်၊ စစ်ရဲတပ်သားသော်၎င်း၊ တပ်အခိုင်းအစေသော်၎င်း၊ တပ်ကြပ်ကလေး၊ တပ်ကြပ်၊ သို့တည်းမဟုတ် တပ်ကြပ်ကြီး ရာထူးအဆင့် အတန်းရှိ ကော်မီရှင်အမိန့်တော်မဲ့အရာရှိသော်၎င်း၊ အရာခံဗိုလ် (၁) သို့တည်းမဟုတ် အရာခံဗိုလ် (၂) ရာ ထူးအဆင့်အတန်းရှိ ကော်မီရှင် အမိန့်တော်မဲ့အရာရှိသော်၎င်း ဖြစ်သူကိုဆိုလိုသည်။

တပ်ဖွဲ့ဝင်ခွဲခြားခြင်း။

၃။ ။ စစ်ရဲတပ်ဖွဲ့ဝင်များကိုအောက်ပါအတိုင်း ခွဲခြားထားရမည်။

(၁) တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်၊

(၂) စာရေးစာချီတပ်ဖွဲ့ဝင်၊

(၃) စက်မှုလက်မှုတပ်ဖွဲ့ဝင်၊

(၄) သယ်ယူပို့ဆောင်ရေး၊ တိရိစ္ဆာန်ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်နှင့်

(၅) အထွေထွေအုပ်ချုပ်ရေးတပ်ဖွဲ့ဝင်။

Myanmar Law Information System (MLIS)

တာဝန်ဝတ်တရားခွဲဝေခြင်း။

၄။ ။ (၁) ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ အခြေခံဖြစ်သော တိုက်ခိုက်ရေးတာဝန်ဝတ်တရားများကို တိုက်ခိုက်ရေးစစ်ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ရမည်။

(၂) ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ဝတ်တရားများကို၊ စာရေးစာချီစစ်ရဲတပ်ဖွဲ့ ဝင်များက ဆောင်ရွက်ရမည်။

(၃) ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ အောက်ပါတာဝန်ဝတ်တရားများကို စက်မှုလက်မှုစစ်ရဲတပ်ဖွဲ့ဝင် များက ဆောင်ရွက်ရမည်။

(က) ကြိုးမဲ့ကြေးနန်းစက်များပြင်ခြင်း၊ တပ်ဆင်ခြင်းနှင့်ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပေးပို့ခြင်း၊ သတင်းလက်ခံရယူခြင်း။

(ခ) မော်တော်ယာဉ်စက်များပြင်ခြင်း၊ တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်မောင်းခြင်း။

(၄) ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ အောက်ပါတာဝန်ဝတ်တရားများကို သယ်ယူပို့ဆောင်ရေးနှင့် တိရိစ္ဆာန် ထိန်းသိမ်းရေးစစ်ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ရမည်။

(က) တိရစ္ဆာန်များ ကို ဆေးကုသခြင်း၊

(ခ) တိရစ္ဆာန်များကို ထိန်းသိမ်းခြင်း၊

(ဂ) တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊

(ဃ) တိရစ္ဆာန်များအား သံခွါရိုက်ခြင်းနှင့်

(င) တိရစ္ဆာန်များ၏ ကုန်းနှီးတန်ဆာများပြုပြင်ခြင်း။

(၅) ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ အောက်ပါတာဝန်ဝတ်တရားများကို အထွေထွေအုပ်ချုပ်ရေးစစ်ရဲတပ်ဖွဲ့ ဝင်များက ဆောင်ရွက်ရမည်။

(က) စစ်ရဲတပ်ဖွဲ့ဝင်များနှင့်၎င်းတို့အိမ်ထောင်သည်များ ၏ကျန်းမာရေးကို စောင့်ရှောက်ခြင်း၊

(ခ) အဆောက်အဦ လမ်းပန်းများ ပြုပြင်ဆောက်လုပ်ခြင်း၊

(ဂ) ဝတ်စားတန်ဆာပြင်ဆင်ချုပ်လုပ်ခြင်း၊

(ဃ) စားသောက်နေထိုင်ရေးကိစ္စအဝဝကို စီမံပေးခြင်းနှင့်

(င) စစ်သုံး လက်နက်ပစ္စည်းများပြင်ခြင်း၊ တပ်ဆင်ခြင်း။

အမြဲတမ်းစတင်ခန့်ထားရမည့်ရက်။

၅။ ။ ၁၉၄၈ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့သော ပြည်ထောင်စု စစ်ရဲတပ်ဖွဲ့ကို၊ ၁၉၅၅ ခုနှစ်၊ စက်တဘာလ ၁ ရက် နေ့တွင် အမြဲတမ်း တပ်ဖွဲ့အဖြစ်ပြန်လည်ဖွဲ့စည်းခဲ့သည်ဖြစ်သောကြောင့်၊ ထိုတပ်ဖွဲ့ရှိ ရာထူးများ တွင် အမှုထမ်းဆောင်နေကြသောရာထမ်းမှုထမ်းများအား၊ ၁၉၅၅ ခု၊ စက်တဘာလ ၁ ရက်နေ့မှစ၍ အမြဲ တမ်းခန့်ထားရမည်။

ရာထမ်းမှုထမ်းများခန့်ထားနိုင်သည့်အာဏာ။

၆။ ။ (၁) စစ်ရဲတပ်ရင်းမှူး (စစ်ရဲဗိုလ်မှူး)မှာ၊ အောက်ပါရာထမ်းမှုထမ်းများ ခန့်ထားနိုင်သည့်အာဏာ ရှိရမည်။

Myanmar Law Information System (MLIS)

(က) စစ်ရဲတပ်သား၊ တပ်ကြပ်ကလေးနှင့်တပ်ကြပ်။

(ခ) သက်ဆိုင်ရာလက်ထောက်စစ်ရဲမင်းကြီး၏ ကြိုတင်သဘောတူညီချက်ဖြင့်၊ စစ်ရဲတပ်ကြပ်ကြီးနှင့် အရာခံဗိုလ် (၂)။

(၂) ပြည်ထောင်စုစစ်ရဲမင်းကြီးမှာ၊ စစ်ရဲအရာခံဗိုလ် (၁) များ ခန့်ထားနိုင်သည့် အာဏာရှိရမည်။

(၃) ပြည်ထောင်စုစစ်ရဲချုပ်မှာ စစ်ရဲဗိုလ်များခန့်ထားနိုင်သည့် အာဏာရှိရမည်။

အမှုထမ်းသက် အနုအရင့်သတ်မှတ်ခြင်း။

၇။ ။ (၁) စစ်ရဲတပ်သား၏ အမှုထမ်းသက်ကို ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့သို့ မိမိတို့စတင်ဝင်ရောက်အမှုထမ်းဆောင်သည့်နေ့ရက်မှစ၍ သတ်မှတ်ရမည်။

(၂) စစ်ရဲတပ်ကြပ်ကလေးနှင့် ၎င်းထက်ရာထူးအဆင့်အတန်းမြင့်သော အရာရှိများ၏ အမှုထမ်းသက် ကို ရာထူးအဆင့်အတန်းအသီးသီးတို့၌ အဆက်မပြတ် စတင်ခန့်ထားခြင်းခံရသည့်နေ့ရက်မှစ၍ သတ်မှတ် ရမည်။

လုပ်သက်ရင့်သူကိုဦးစားပေးခြင်း။

၈။ ။ ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့ရှိ ရာထူးအသီးသီးတို့တွင် တိုက်ရိုက်ရွေးချယ်ခေတ္တခန့်ထားခြင်းခံရသူ နှင့် ခေတ္တရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသူရာထမ်းမှုထမ်းများအား၊ ၎င်းတို့၏ရာထူးများတွင်၊ အမြဲ တမ်းခန့်ထားရာ၌၊ အရည်အချင်းများ တူညီနေလျှင်၊ အမှုထမ်းသက်အနုအရင့်ကိုသာ စဉ်းစား၍ခန့်ထား ရမည်။

အမြဲတမ်းခန့်ထားခြင်း။

၉။ ။ စစ်ရဲတပ်သားမှအပ၊ အခြားရာထူးတွင် အခြေခံရာထူး၌ အမြဲတမ်းခန့်ထားပြီးဖြစ်မှသာလျှင်၊ လက်ရှိ ခေတ္တတိုးမြှင့်ခန့်ထားခြင်းခံရသော ရာထူးတွင် အမြဲတမ်းခန့်ထားရမည်၊ သို့ရာတွင် တိုက်ရိုက် ခန့်ထားခြင်းခံရသူများနှင့်မသက်ဆိုင်စေရ။ ထို့ပြင် အမြဲတမ်းခန့်ထားမည့် ရာထူးနေရာသည် အမှန် လစ်လပ်ခြင်းရှိရမည်။

ပြည့်စုံရမည့်အမှုထမ်းသက်။

၁၀။ ။ အမြဲတမ်းခန့်ထားရန်လိုအပ်သည့် အမှုထမ်းသက်ကို ဖော်ပြထားခြင်းမရှိသောရာထူးတွင်၊ အနည်းဆုံးအမှုထမ်းသက် တနှစ်စေ့ရောက်ပြီးမှသာ အမြဲတမ်းခန့်အပ်ခြင်းပြုနိုင်သည်။

## အခဏ်း ၂

## စစ်ရဲတပ်ဖွဲ့ဝင်နှင့်စစ်ရဲဗိုလ်များ ပြည့်စုံရမည့်အရည်အချင်း

စစ်ရဲတပ်ဖွဲ့ဝင်များ၏ အရည်အချင်း။

၁၁။ ။ (၁) တိုက်ခိုက်ရေးစစ်ရဲတပ်ဖွဲ့ဝင်များ-

(က) စစ်ရဲတပ်သားသည်၊ အခြေခံစစ်ပညာသင်တန်းအောင်မြင်ရမည့်ပြင်၊ စစ်ရဲတပ်ဖွဲ့တွင် အမှုထမ်း သက်အနည်းဆုံး တနှစ်ရှိရမည်။ အမှုထမ်းသက်တနှစ်စေ့ရောက်သော်လည်း၊ အခြေခံစစ်ပညာသင်တန်း မအောင်မြင်လျှင်၊ အမြဲတမ်းခန့်အပ်ခြင်းမပြုရ။

(ခ) တပ်ကြပ်ကလေးသည်၊ လက်နက်ငယ်သင်တန်းနှင့် တပ်တွင်းအကြပ်သင်တန်းတို့ကို အောင်မြင်ရ မည်။ အကျင့်စာရိတ္တကောင်းမွန်၍ လုပ်သက်ရင့်ပြီးလုပ်ရည်ကိုင်ရည်ရှိရမည်။

(ဂ) တပ်ကြပ်သည်၊ တပ်ကြပ်ကလေး၌ရှိရမည့် အရည်အချင်းနှင့်ပြည့်စုံရမည်။

(ဃ) တပ်ကြပ်ကြီးသည်၊ တပ်ကြပ်ကလေးနှင့် တပ်ကြပ်တို့အောင်မြင်ရမည့် သင်တန်းများကို အောင်မြင် ရမည့်ပြင်၊ အကျင့်စာရိတ္တကောင်းမွန်၍ လုပ်ရည်ကိုင်ရည်လည်းရှိရမည်။

(င) အရာခံဗိုလ် (၂)သည်၊ တပ်ခွဲအုပ်ချုပ်ရေးသင်တန်းကို အောင်မြင်ရမည်၊ အကျင့်စာရိတ္တ ကောင်းမွန်ရ မည်။

(စ) အရာခံဗိုလ် (၁)သည်၊ တပ်မှူးငယ်သင်တန်းကို အောင်မြင်ရမည်၊ အကျင့်စာရိတ္တကောင်းမွန်၍ လုပ်ရည်ကိုင်ရည်ရှိရမည်။

(၂) စာရေးစာချီစစ်ရဲတပ်ဖွဲ့ဝင်များ-

(က) စစ်ရဲတပ်သားသည်၊ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်စစ်ရဲတပ်သား၌ရှိရမည့် အရည်အချင်းနှင့်ပြည့်စုံရ မည်။

(ခ) တပ်ကြပ်ကြီးသည်၊ နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်စာမေးပွဲကို အောင်မြင်ရမည်။

(ဂ) အရာခံဗိုလ် (၂) ဌာနခွဲစာရေးကြီးသည်၊ နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်စာမေးပွဲကို အောင် မြင်ရမည်။

(ဃ) အရာခံဗိုလ် (၂) လက်ရေးတိုစာရေးသည်၊ အခြေခံစစ်ပညာသင်တန်းကိုအောင်ရမည်။ နိုင်ငံတော် အစိုးရသတ်မှတ်ထားရှိသည့် အဆင့်အတန်းမီလက်ရေးတိုရေးနည်း၊ လက်နှိပ်စက်ရိုက်နည်းသင်တန်း အောင်လက်မှတ်ရရှိပြီးဖြစ်ရမည်။

(င) အရာခံဗိုလ် (၁)ရုံးအုပ်စာရေးကြီးသည်၊ နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် စာမေးပွဲကို အောင်မြင်ရမည်။

(၃) စက်မှုလက်မှုစစ်ရဲတပ်ဖွဲ့ဝင်များ-

(က) အချက်ပြဘက်ဆိုင်ရာဌာန-

(၁) အချက်ပြ (တတိယတန်း)သည်၊ အခြေခံစစ်ပညာသင်တန်း၊ ကြိုးမဲ့ကြေးနန်းစက်အချက်ပြသင် တန်း၊ ကြိုးမဲ့ကြေးနန်းစက်လက်တွေ့သင်တန်းတို့ကို အောင်မြင်ရမည်။

(၂) အချက်ပြ (ဒုတိယတန်း)သည်၊ တပ်တွင်းတပ်ကြပ်သင်တန်းကို အောင်မြင်ရမည်၊ အကျင့်စာရိတ္တ ကောင်းမွန်ရမည်။

(၃) အချက်ပြ (ပဌမတန်း)သည်၊ အချက်ပြ (ဒုတိယတန်း)၌ ရှိရမည့် အရည်အချင်းနှင့်ပြည့်စုံရမည်။

(၄) ကြိုးမဲ့ကြေးနန်းစက်ပြင် (ဒုတိယတန်း)သည်၊ အခြေခံစစ်ပညာသင်တန်းနှင့် ကြိုးမဲ့ကြေးနန်းစက် ပြင်သင်တန်းတို့ကိုအောင်မြင်ရမည်။ ကြိုးမဲ့ကြေးနန်းစက်ပြင်လက်တွေ့တတ်ကျွမ်းမှုရှိရမည်။

(၅) ကြိုးမဲ့ကြေးနန်းစက်ပြင် (ပဌမတန်း)သည်၊ တပ်တွင်းတပ်ကြပ်သင်တန်းကိုအောင်ရမည်၊ အကျင့် စာရိတ္တကောင်းမွန်၍ လုပ်ရည်ကိုင်ရည်ရှိရမည်။

(၆) ကြိုးမဲ့ကြေးနန်းစက်ဆင် (ဒုတိယတန်း)သည်၊ အခြေခံစစ်ပညာသင်တန်းနှင့် ကြိုးမဲ့ကြေးနန်း စက်ဆင်သင်တန်းတို့ကိုအောင်မြင်ရမည်။

(၇) ကြိုးမဲ့ကြေးနန်းစက်ဆင် (ပဌမတန်း)သည်၊ တပ်တွင်းတပ်ကြပ်သင်တန်းကိုအောင်မြင်ရမည်၊ အကျင့်စာရိတ္တကောင်းမွန်၍ လုပ်ရည်ကိုင်ရည်ရှိရမည်။

Myanmar Law Information System (MLIS)

(၈) အချက်ပြတပ်ရင်းစက်မှုလက်မှုအရာရှိသည်၊ ကြိုးမဲ့ကြေးနန်းစက်မှုလက်မှုပညာရပ်များကို ပြည့်စုံစွာတတ်ကျွမ်းနားလည်ရမည်။ ဗမာ့တပ်မတော်အရာရှိငယ်သင်တန်း၊ သို့တည်းမဟုတ် ဗိုလ်လောင်းသင်တန်းကိုအောင်မြင်ရမည်။

(ခ) မော်တော်ယာဉ်ဘက်ဆိုင်ရာဌာန-

(၁) စစ်ရဲတပ်သား(ယာဉ်မောင်း)သည်၊ အခြေခံစစ်ပညာသင်တန်းနှင့်မော်တော်ယာဉ်မောင်းသင်တန်းတို့ကိုအောင်မြင်ရမည်။

(၂) တပ်ကြပ် (ယာဉ်မောင်း) သည်၊ မော်တော်ယာဉ်မောင်းသင်တန်းနှင့်စက်ပြင်သင်တန်းတို့ကိုအောင် မြင်ရမည်။

(၃) တပ်ကြပ် (စက်ဆင်)သည်၊ မော်တော်ယာဉ်စက်ဆင်သင်တန်းကိုအောင်မြင်ရမည်။

(၄) တပ်ကြပ်ကြီး (လက်ထောက်စက်ပြင်) သည်၊ သာမန်စက်ပြင်သင်တန်းကိုအောင်မြင်ရမည်။

(၅) အရာခံဗိုလ် (၂) (စက်ပြင်) သည်၊ စက်ပြင်သင်တန်းကိုအောင်မြင်ရမည်။

(၄) သယ်ယူပို့ဆောင်ရေး၊ တိရစ္ဆာန်ထိန်းသိမ်းရေးစစ်ရဲတပ်ဖွဲ့ဝင်များ-

(က) စစ်ရဲတပ်သား (လားထိန်း)သည်၊ အခြေခံစစ်ပညာသင်တန်းနှင့် အခြေခံတိရစ္ဆာန်ပို့ဆောင်ရေး သင်တန်းတို့ကိုအောင်မြင်ရမည်။

(ခ) တပ်ကြပ်ကလေး (လားထိန်း) သည်၊ တိရစ္ဆာန်သယ်ယူပို့ဆောင်ရေးတပ်စိပ်မှူးသင်တန်းကိုအောင် မြင်ရမည်။

(ဂ) တပ်ကြပ် (တိရစ္ဆာန်ပို့ဆောင်ရေးတပ်စိပ်မှူး)သည်၊ တိရစ္ဆာန်သယ်ယူပို့ဆောင်ရေးတပ်စိပ်မှူးသင် တန်းကိုအောင်မြင်ရမည်၊ အကျင့်စာရိတ္တကောင်းမွန်၍ လုပ်ရည်ကိုင်ရည်ရှိရမည်။

(ဃ) တပ်ကြပ်ကြီး (တိရစ္ဆာန်ပို့ဆောင်ရေးတပ်စုတပ်ကြပ်ကြီး) သည်၊ တပ်ကြပ်ကလေး (လားထိန်း) နှင့်တပ်ကြပ် (တိရစ္ဆာန်ပို့ဆောင်ရေးတပ်စိပ်မှူး) တို့ အောင်မြင်ရမည့်သင်တန်းများကို အောင်မြင်ရမည့် ပြင်၊ အကျင့်စာရိတ္တကောင်းမွန်၍ လုပ်ရည်ကိုင်ရည်နှင့်လည်း ပြည့်စုံရမည်။

(င) အရာခံဗိုလ် (၁) (တိရစ္ဆာန်ပို့ဆောင်ရေးတပ်စိပ်မှူး) သည်၊ တိရစ္ဆာန်ပို့ဆောင်ရေးအရာရှိငယ်သင်တန်းနှင့်စစ်ရဲတပ်မှူးငယ်သင်တန်းတို့ကို အောင်မြင်ရမည်။

(စ) စစ်ရဲတပ်သား (မြင်းစီး) သည်၊ အခြေခံစစ်ပညာသင်တန်းနှင့်မြင်းစီးသင်တန်းတို့ကို အောင်မြင်ရ မည်။

(ဆ) စစ်ရဲတပ်သား (သံခွါရိုက်) သည်၊ အခြေခံစစ်ပညာသင်တန်းနှင့် သံခွါရိုက်သင်တန်းတို့ကို အောင် မြင်ရမည်။

(ဇ) စစ်ရဲတပ်သား (ကုန်းနှီးပြင်) သည်၊ အခြေခံစစ်ပညာသင်တန်းနှင့် ကုန်းနှီးပြင်သင်တန်းတို့ကို အောင်မြင်ရမည်။

(ဈ) အရာခံဗိုလ် (၂)သည်၊ နိုင်ငံတော်အစိုးရ တိရစ္ဆာန်ဆေးကုအတတ်သင်ကျောင်းမှ တိရစ္ဆာန်ဆရာဝန်သင်တန်းအောင်မြင်ရမည်။

(၅) အထွေထွေအုပ်ချုပ်ရေးစစ်ရဲတပ်ဖွဲ့ဝင်များ-

(က) စစ်ရဲဗိုလ် (တပ်ဆရာဝန်)သည်၊ အနည်းဆုံး လက်ထောက်ကျန်းမာရေးမှူးသင်တန်း (Health Assistant Course) အောင်လက်မှတ်ရရှိပြီးဖြစ်ရမည်။ တပ်ဆရာဝန်ရာထူးတွင် အနည်းဆုံးအမှုထမ်း သက် ၃ နှစ်ရှိရမည်။

Myanmar Law Information System (MLIS)

(ခ) အရာခံဗိုလ် (၁) (လက်ထောက်ဆရာဝန်နှင့် တပ်ရင်းဆေးမှူး) သည်၊ လက်ထောက်ကျန်းမာရေး မှူးသင်တန်းကို အောင်မြင်ရမည်။

(ဂ) အရာခံဗိုလ် (၂) (သူနာပြုဝမ်းဆွဲဆရာမ) သည်၊ အခြေခံစစ်ပညာသင်တန်းအောင်မြင်ရန်မလို။ သူနာပြုဆရာမသင်တန်းနှင့် ဝမ်းဆွဲဆရာမသင်တန်းတို့ကို အောင်မြင်ရမည်။

(ဃ) တပ်ကြပ်သည်၊ ဆေးစပ်သင်တန်းကို အောင်မြင်ရမည်။

(င) တပ်ကြပ်ကလေး (သူနာပြုဆေးလုင်) သည်၊ သူနာပြုသင်တန်း (First Aid Course) ကိုအောင် မြင်ရမည်။

(စ) စစ်ရဲတပ်သား (သူနာထမ်းလုင်) (Ward Orderlies) သည်၊ အခြေခံစစ်ပညာသင်တန်းကိုအောင် မြင်ရမည်။

(ဆ) စစ်ရဲတပ်သား-

(၁) ပန်းဘဲဆရာ
(၂) သံဖြူဆရာ
(၃) လက်သမား
(၄) အပ်ချုပ်သမား
(၅) ဘိနပ်ချုပ်သမား
(၆) ပန်းရံသမား
(၇) အုပ်စီသမား

သည်၊ အခြေခံစစ်ပညာသင်တန်းကိုအောင်မြင်ရမည့်ပြင်၊ သက်ဆိုင်ရာလုပ်ငန်းဆောင်တာသင်တန်းကိုလည်း အောင်မြင်ရမည်။

(ဇ) တပ်ကြပ် (လက်နက်ပြင် အလုပ်ရုံလက်ထောက်) သည်၊ အခြေခံစစ်ပညာသင်တန်းကိုအောင်မြင် ရမည်။

(ဈ) တပ်ကြပ်ကြီး( လက်နက်ပြင်ဆရာ၊ တတိယတန်း) သည်၊ လက်နက်ပြင်ဆရာ၊ တတိယတန်းသင်တန်းကိုအောင်မြင်ရမည်။

(ည) အရာခံဗိုလ် (၂) (လက်နက်ပြင်ဆရာ၊ ဒုတိယတန်း) သည်၊ လက်နက်ပြင်ဆရာ၊ ဒုတိယတန်းသင် တန်းကို အောင်မြင်ရမည်။

(ဋ) အရာခံဗိုလ် (၁) (လက်နက်ပြင်ဆရာ၊ ပဌမတန်း)သည်၊ လက်နက်ပြင်ဆရာ၊ ပဌမတန်းသင်တန်းကိုအောင်မြင်ရမည်။

(၆) စစ်ရဲဗိုလ်သည်၊ တပ်မတော်အရာရှိငယ်သင်တန်း၊ သို့တည်းမဟုတ် ဗိုလ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပြီးဖြစ်ရမည်။ တပ်ခွဲတခုကို ဦးစီးခေါင်းဆောင်နိုင်သော အရည်အချင်းရှိရမည်။

**ခြွင်းချက်**။ ။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည်၊ တိုက်ရိုက်ရွေးချယ်ခန့်ထားခြင်းခံရသော စစ်ရဲ ဗိုလ်များနှင့်မသက်ဆိုင်စေရ။

**အခဏ်း ၃**

**စစ်ရဲဗိုလ်ကြီးနှင့် စစ်ရဲဗိုလ်ကြီးရာထူးအဆင့်အတန်းထက် မြင့်သောအရာရှိများ ပြည့်စုံရမည့် အရည်အချင်း**

Myanmar Law Information System (MLIS)

စစ်ရဲဗိုလ်ကြီး၏ အရည်အချင်း။

၁၂။ ။ စစ်ရဲဗိုလ်ကြီးသည်၊ စစ်ရဲဗိုလ်ကြီးရာထူးတွင် အဆက်မပြတ် ၃ နှစ်ထက်ကျော်လွန်၍ အမှုထမ်းခဲ့ ပြီးဖြစ်ရမည်။ တပ်မတော်အရာရှိငယ်သင်တန်း၊ သို့တည်းမဟုတ် ဗိုလ်လောင်းသင်တန်း၊ သို့တည်းမ ဟုတ် အခြားသတ်မှတ်ထားသော စစ်ပညာသင်တန်းများတက်ရောက်အောင်မြင်ပြီးဖြစ်ရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည်၊ တိုက်ရိုက်ရွေးချယ်ခန့်ထားခြင်းခံရသော စစ်ရဲဗိုလ်ကြီး များနှင့် မသက်ဆိုင်စေရ။

စစ်ရဲဗိုလ်မှူး၏ အရည်အချင်း။

၁၃။ ။ စစ်ရဲဗိုလ်မှူးသည်၊ စစ်ရဲဗိုလ်မှူးရာထူးတွင် အဆက်မပြတ် ၃ နှစ်ထက်ကျော်လွန်၍၊ အမှုထမ်းခဲ့ ပြီးဖြစ်ရမည်။ တပ်မတော်အရာရှိငယ်သင်တန်း၊ သို့တည်းမဟုတ် ဗိုလ်လောင်းသင်တန်း၊ သို့တည်းမ ဟုတ် အခြားသတ်မှတ်ထားသောစစ်ပညာသင်တန်းများ တက်ရောက်အောင်မြင်ပြီးဖြစ်ရမည်။

လက်ထောက်စစ်ရဲမင်းကြီး၏အရည်အချင်း။

၁၄။ ။ လက်ထောက်စစ်ရဲမင်းကြီးသည်၊ လက်ထောက်စစ်ရဲမင်းကြီးရာထူးတွင် အဆက်မပြတ် ၃ နှစ် ထက်ကျော်လွန်၍ အမှုထမ်းခဲ့ပြီးဖြစ်ရမည်။

အမြဲတမ်းခန့်ထားခြင်း။

၁၅။ ။ နည်းဥပဒေ ၁၂၊ ၁၃ နှင့် ၁၄ တွင် ဖော်ပြပါရှိသော အရည်အချင်းများနှင့်ပြည့်စုံ၍၊ အောက်ပါဂုဏ် အင်္ဂါများနှင့်လည်း ပြည့်စုံသည့် စစ်ရဲဗိုလ်ကြီး၊ သို့တည်းမဟုတ် စစ်ရဲဗိုလ်မှူး၊ သို့တည်းမဟုတ် လက် ထောက်စစ်ရဲမင်းကြီးကိုသာ အမြဲတမ်းခန့်ထားရမည်။

(က) လက်ရှိအလုပ်ဝတ်တရားများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုနှင့်ပြည့်စုံခြင်း။

(ခ) လုပ်ရည်ကိုင်ရည်နှင့်ပြည့်စုံခြင်း။

(ဂ) ရိုးသားဖြောင့်မတ်၍ အကျင့်စာရိတ္တကောင်းမွန်ခြင်း။

(ဃ) သက်ဆိုင်ရာ ရာထူးတွင် အမှုထမ်းသက်ရင့်ခြင်း။

(င) တည်ကြည်ခြင်း၊ သမာဓိရှိခြင်း။

**----- Footnote -----**

[ပင်ရင်း- ၂၇.၁၂.၁၉၅၈ ရက်နေ့ထုတ် ပြန်တမ်းမှ ကူးယူတင်ပြသည်။]

Myanmar Law Information System (MLIS)